# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ အစည်းအဝေးမှတ်တမ်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၆၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားမယ့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီး အချိန်ကို ငွဲညှာတဲ့အနေနဲ့ ဇယားနဲ့ ဖတ်ပြပါမယ်။

ဦးလှဆွေ၊ မကွေး(၁၂)၊ သစ်တောရေးရာဆွေးနွေးပွဲရှိပါသဖြင့်၊ ဦးစောမော်ထွန်း ပဲခူး(၁)၊ ကျန်းမာရေး၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ သစ်တောရေးရာဆွေးနွေးပွဲ၊ ဦးမနားနိုင်း၊ ချင်း(၁၀)၊ သစ်တောရေးရာဆွေးနွေးပွဲ၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅) ကျန်းမာရေး၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး၊ ဦးထွန်းလွင်၊ ကချင်(၉)၊ ဇနီးဖြစ်သူ ကျန်းမာရေး၊ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး၊ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကျန်းမာရေး ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ လွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းထားတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်သော်လည်း ဖြေကြားမယ့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးမှာ ယနေ့နံနက်တွင် ကျန်းမာရေးအခြေအနေအရ လာရောက်နိုင်ခြင်းမရှိသဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးမှာလည်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ဦးစီးကျင်းပတဲ့ စီးပွားရေး အစည်းအဝေးသို့ တက်ရောက်ရန် ရှိသဖြင့်လည်းကောင်း အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ဖြေကြားခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာပါတယ်။

ဒါကြောင့် ယနေ့မေးမြန်းဖြေကြားရန် စီစဉ်ထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းတဲ့ မေးခွန်းတွေကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးတော့ နောက်ရက် အစည်းအဝေး အစီအစဉ်များမှာ အလျဉ်းသင့်သလို ပြန်လည်ထည့်သွင်းပေးမည်ဖြစ်ကြောင်း အသိပေးအပ် ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကမေးမြန်းတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## နမ့်ဆန်-ကျောက်ဖြူရွာကြားရှိ နမ့်ကျုံးချောင်းဖြတ် သစ်သားတံတားကို သံပေါင် တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော် က နမ့်ဆန်-ကျောက်ဖြူရွာကြားရှိ နမ့်ကျုံးချောင်းဖြတ် သစ်သားတံတားကို သံပေါင်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။ ကျွန်တော်၏မေးခွန်းကို စာဖြင့်ဖတ်ကြားခွင့်ပြုပေးပါရန် ပထမဦးစွာ ပန်ကြားအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့၏ တောင်ဘက်ခြမ်းရှိ နမ့်ဆန်-ကျောက်ဖြူ-မန်းနောက်-ကွမ်းဟယ်-အုမ္မတက် ကျေးရွာချင်းဆက်ကားလမ်းဟာ မိုင်(၂၀)ရှိပြီး သီပေါမြို့နယ်၊ ခွန်ဟောက်ရွာမှတစ်ဆင့် သီပေါမြို့အထိ နွေရာသီတွင် သွားလာနိုင်တဲ့ မြေသားလမ်းဖြစ်ပါတယ်။ ယခုအဓိကထား အသုံးပြုနေရတဲ့ နမ့်ဆန်-ပန်လုံ-သီပေါ ကတ္တရာခင်းကားလမ်းထက် ခရီးပိုနီးပါတယ်။ ဒုဌဝတီမြစ်ကို တံတားဖြင့် ဖြတ်သန်းရခြင်းလည်း မရှိပါ။

အဆိုပါ နမ့်ဆန်-ကျောက်ဖြူ-မန်းနောက်-ကွမ်းဟယ်-အုမ့်တက် ကျေးရွာချင်းဆက်ကားလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမထားတဲ့ မေးခွန်းအဖြစ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ၆-၁၁-၂၀၁၁ နေ့တွင် မေးမြန်းခဲ့ရာ ၂၀-၃-၂၀၁၂ ရက်နေ့ စွဲပါစာအမှတ်၊ ၂၀၂(က)/၂-နတစ/ ၀ကရ(၄၃၁)ဖြင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဖြေကြားခဲ့ပါတယ်။

၎င်းအဖြေကို သက်ဆိုင်ရာ ကျေးရွာအုပ်စုများရှိ ပြည်သူများကို လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲတွင် အသိပေးရှင်းလင်းတင်ပြပေးတဲ့အခါ ပြည်သူများ အလွန်ပဲကျေနပ်အားရ ဝမ်းသာနေကြပါတယ်။ နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြန်လည် ပြောကြားကြပါတယ်။ သို့သော် ၎င်းလမ်းပေါ်ရှိ နမ့်ဆန်မြို့နှင့် ကျောက်ဖြူကျေးရွာကြား နမ့်ကျုံး ချောင်းမကြီးကို ဖြတ်ကျော်တည်ဆောက်ထားတဲ့ သစ်သားတံတားမှာ အလွန်ဟောင်းနွမ်း ပျက်စီး နေသည်ကို ၈-၆-၂၀၁၂ နေ့တွင် ပြုလုပ်တဲ့ တတိယအကြိမ် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းရန် တောင်သုံးဆယ်၊ ကျောက်ဖြူသို့ အသွားတွင် လေ့လာတွေ့ရှိရပါတယ်။ သက်တမ်း(၇)နှစ်ရှိပြီး ယာဉ်သွားလမ်း အကျယ်(၆)ပေခွဲ၊ အရှည်ပေ(၄၀)ရှိ သစ်သားပေါင် အောက်ခံသစ်သားတံတား ဖြစ်ပြီး သစ်သားတိုင်အောက်ခြေ ရေတိုက်စားခြင်း၊ သစ်သားဘောင်များနှင့် သစ်သားကြမ်းခင်းများ ဆွေးမြေ့နေခြင်းကို စစ်ဆေးတွေ့ရှိရပါတယ်။

နမ့်ဆန်မြို့နယ်၏ တောင်ဘက်ခြမ်းရှိ ကျောက်ဖြူကျေးရွာအုပ်စု၊ မန်နောက် ကျေးရွာ အုပ်စု၊ကွမ်းဟယ်ကျေးရွာအုပ်စုနှင့်အုမ်စွမ်းကျေးရွာအုပ်စု (၄)အုပ်စုမှ ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကိစ္စများအတွက် အားကိုးတကြီးဖြင့် တစ်နှစ်ပတ်လုံး အဆိုပါ တံတားကို ဖြတ်သန်းသွားလာရပါတယ်။ ဒေသထွက်ကုန်များကို ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် လည်းကောင်း၊ ထော်လာဂျီယာဉ်များ၊ မော်တော်ဆိုင်ကယ်နှင့် မြင်း၊ နွား၊ လား စသဖြင့် ၎င်းတံတားမှတစ်ဆင့် အမြဲတမ်းသယ်ပို့သွားလာ ဖြတ်သန်းခဲ့ရပါတယ်။ မြို့နယ်၏ အုပ်ချုပ်ရေး၊ စစ်ရေး၊ နိုင်ငံရေးအတွက် အလွန်အရေးပါတဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ ၎င်းသစ်သား တံတားကို သံပေါင်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးပါရန် ဒေသခံများ အထူးလိုလား

တောင်းတလျက်ရှိကြောင်း လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲမှာ ပြည်သူများက တောင်းဆို ဆန္ဒပြုလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍(က) အဆိုပါ ဟောင်းနွမ်းဆွေးမြေ့နေပြီးဖြစ်သော သစ်သားတံတားကို သံပေါင်တံတားအဖြစ် အစားထိုး တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ။ (ခ) ရှိသည်ဆိုပါက မည်သည့် ခုနှစ်တွင် စတင်တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိလိုပါကြောင်း အမျိုးသား လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက် အမှတ်(၂)လမ်းပေါ်ရှိ လမ်းတံတားများ၊ ရေကျော်များ၊ ကတ္တရာလမ်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးရန်နှင့် သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မကျီးရိုး-ရွှေတုတ်ကုန်း ကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် က သာစည်မြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက် အမှတ်(၂)လမ်းပေါ်ရှိ လမ်း၊ တံတားများ၊ ရေကျော်များ၊ ကတ္တရာလမ်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးရန်နှင့် သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မကျီးရိုး-ရွှေတုတ်ကုန်း ကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းများကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ သာစည်မြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက် အမှတ်(၂)လမ်းပေါ်ရှိ လမ်းတံတားများ၊ ရေကျော်များ၊ ကတ္တရာလမ်း ပျက်စီးမှုများ ပြန်လည်ပြုပြင်ပေးနိုင်ရန်ကိစ္စအတွက် ပထမအနေနှင့် မေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သည် သာစည်မြို့နယ်အတွင်း (၂၅)မိုင်ခန့်ရှည်လျားပါသည်။ ၎င်းလမ်းကို နိုင်ငံတော်မှ ငွေကြေးအမြောက်အများကုန်ကျခံ ဖောက်လုပ်ထားသည့်အတွက် ကျေးလက်ပြည်သူများ သွားလာရေးလွယ်ကူသောလမ်း ဖြစ်ပါသည်။ မိုးရွာသွန်းမှုများကြောင့် အဆိုပါလမ်းပေါ်တွင် တံတားများ ပျက်စီးနေခြင်း၊ ရေကျော်များပျက်စီးနေခြင်း၊ ကတ္တရာလမ်းပေါက်များ ပျက်စီးနေခြင်း ဖြစ်ပေါ်လျက်ရှိပါသည်။ ၎င်းလမ်းပိုင်းအား အချိန်မီပြုပြင်ဆောင်ရွက်ခြင်းမရှိပါက ပျက်စီးယိုယွင်းသွားမည့် လမ်းအဖြစ်သို့ ရောက်ရှိသွားနိုင်မှာဖြစ်ပါသည်။

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ပြုပြင်ရန် ခဲယဉ်းလှပါသည်။ သို့ဖြစ်ပါ၍ ခရိုင်ချင်းဆက် အမှတ်(၂)လမ်းရှိ သာစည်မြို့နယ် လမ်းပိုင်းအား ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါသည်ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ သာစည်မြို့နယ်ဟာ မြေပြန့်နှင့် တောင်ပေါ်ဒေသသို့ ဆက်သွယ်ရန် အချက်အချာကျသော မြို့တစ်မြို့ဖြစ်ပါတယ်။ သာစည်မြို့နယ်အတွင်းရှိ ဒေသထွက်ကုန်များကို တောင်ပေါ်သို့ တင်ပို့ရာတွင် ရထားများမှာ ဘုရားငါးဆူဘူတာတွင် ရပ်နားထွက်ခွာပါသဖြင့် ညောင်ရမ်း၊ မကျီးရိုး၊ ရွှေတုတ်ကုန်းကျေးရွာလမ်းအရှည်(၈)မိုင်ခန့်ကို ဖောက်လုပ်ပေးထားခြင်းအားဖြင့် အလွယ်တကူ သွားလာနိုင်မှာဖြစ်ပါတယ်။

၎င်းလမ်းအား မြို့နယ်စည်ပင်သာယာရန်ပုံငွေဖြင့် ဖောက်လုပ်ရန် အခက်အခဲရှိနေပါသည်။ ၎င်းလမ်းဖောက်လုပ်ခြင်းအားဖြင့် ကျေးရွာပေါင်း(၁၀)ရွာမှ အများပြည်သူအတွက်အသွားအလာအသုံးပြုနိုင်မှာ ဖြစ်ပါသဖြင့် ထို(၈)မိုင်ခန့်ရှိသော ညောင်ရမ်း-မကျီးရိုး-ရွှေတုတ်ကုန်းကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး (ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းခဲ့တဲ့ မေးခွန်း(၃)ခုနဲ့ ပတ်သက်ပြီးတော့ တစ်ခုချင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို ဖြေကြားရင်းနဲ့ တစ်ဆက်တည်းပဲ ကျွန်တော်တို့ ဒီနေ့မနက်မှာပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃)ခုဖြစ်တဲ့ ပအိုးဝ်၊ ပလောင်၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနဲ့ ဆွေးနွေးခဲ့တဲ့ အခြေအနေကိုပါ ကျွန်တော့်အနေနဲ့ ထည့်သွင်းဖြေကြားခွင့်ပြုဖို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအား ပန်ကြားအပ်ပါတယ်။

အဲဒီတော့ ဒီပထမမေးခွန်းဖြစ်တဲ့ နမ့်ဆန်-ကျောက်ဖြူ-မန်းနောက်-ကွမ်းဟယ်-အုမွတက် ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ ဒီ နမ့်ကျုံးချောင်းဖြတ် သစ်သားတံတားကို သံဘောင်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ မူလတုန်းကတော့ ဒီတံတားကို ကျွန်တော်တို့ မူလအကျယ်(၆)ပေလောက်ပဲရှိရာကနေ ကျွန်တော်တို့ အကျယ်(၁၄)ပေနဲ့ အလျားပေ(၄၀)၊ အမြင့်(၁၂)ပေရှိတဲ့ သစ်သားတံတားအဖြစ်ပဲ ပြန်ပြီးတော့ ပြုပြင်ပေးဖို့ ကျွန်တော်တို့ စီမံဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့ မနက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ဆွေးနွေးတဲ့အခါမှာ ဒီလမ်းဟာ ရေရှည်ကျတဲ့အခါကျရင် ကျွန်တော်တို့ နမ့်ဆန်နဲ့ သီပေါကို ဆက်သွယ်မယ့် လမ်းဖြစ်ပြီးတော့ ရေရှည်မှာလည်း ဒီလိုဆက်သွယ်ခြင်း

အားဖြင့် ပလောင်ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို များစွာဖြစ်ထွန်းစေမှာ ကျွန်တော်တို့ တွေ့ရှိရတာဖြစ်ပါတယ်။

အဲဒီတော့ မူလသစ်သားတံတားအဖြစ် ကျွန်တော်တို့ ပြုပြင်မယ်ဆိုရင်တော့ ဘဏ္ဍာငွေ (၁၂)သန်းလောက်ပဲ ကုန်ကျမှာဖြစ်ပြီးတော့၊ သံဘောင်တံတားအဖြစ် ဆောင်ရွက်မယ်ဆိုရင်တော့ ကျွန်တော်တို့ သန်း(၅၀)ခန့်ကုန်ကျမှာ ဖြစ်ပါတယ်။ သို့သော် ရေရှည် ကျွန်တော်တို့ ဒီကနေ့မနက် ဆွေးနွေးတဲ့အခါမှာ ယခုနှစ်ဆောင်ရွက်မယ့် လုပ်ငန်းစဥ်တွေရော၊ လာမယ့်နှစ်တွေမှာ ဆောင်ရွက်မယ့် လုပ်ငန်းစဥ်တွေရော သုံးသပ်ကြည့်တဲ့အခါမှာတော့ ဒီတံတားကို သံပေါင်တံတားအဖြစ် ဆောင်ရွက်ခြင်းက ရေရှည်အတွက် အကျိုးဖြစ်ထွန်းမှုဖြစ်ပြီးတော့ ကုန်ကျမှု နှစ်ခါမဖြစ်တဲ့အတွက်ကြောင့်လည်း ရေရှည်မှာ ကျွန်တော်တို့ ပိုပြီးတော့ ကောင်းမွန်မယ့် အနေအထားတွေဖြစ်လာမှာကို တွေ့ရှိရတဲ့အတွက်ကြောင့် ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ သံပေါင်တံတားအဖြစ် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ အခုနှစ် တစ်နှစ်တည်းရဲ့ ဘဏ္ဍာငွေနဲ့ လုံလောက်မှုမရှိဘူးဆိုရင်တော့ဖြင့် ဒီ ၂၀၁၂-၂၀၁၃ အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာငွေနှစ်ခု သုံးစွဲပြီးတော့ ကျွန်တော်တို့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းများကိုတော့ တစ်ဆက်တစ်စပ်တည်းနဲ့ ပြီးစီးအောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် မေးမြန်းတဲ့ မေးခွန်း(၂)ခု ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သာစည်မြို့နယ်အပိုင်းမှာ လမ်းပေါ်မှာရှိတဲ့ တံတားများ၊ ရေကျော်များနဲ့ ကတ္တရာလမ်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးနိုင်ရန် အစီအစဥ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီလမ်းဟာ တင်ပြပြီးဖြစ်တဲ့အတိုင်း (၂၅)မိုင် (၅)ဖာလုံ ရှည်တဲ့ကတ္တရာလမ်းဖြစ်ပါတယ်။

လမ်းပေါ်မှာ ကျေးရွာ(၁၇)ရွာရှိပြီးတော့ လူဦးရေ(၁၆၆၇၁)ဦး အကျိုးပြုတဲ့လမ်း ဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းပြုပြင်ပေးဖို့အတွက် ကျွန်တော်တို့ အစီအမံများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့ ဆောင်ရွက်တဲ့နေရာမှာ သစ်သားတံတား(၆)စင်း၊ ရေကျော်(၁)စင်းနဲ့ကတ္တရာလမ်းပျက်စီးမှု စတုရန်းပေပေါင်း(၇၇၂၂၀)တို့ကို ပြုပြင်ပေးရန် လိုအပ်မှာဖြစ်ပြီးတော့

ကျွန်တော်တို့ ခန့်မှန်းတွက်ချက်မှုအရ (၆၈.၉၃၃)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ လျာထားပြီးဖြစ်ပါတယ်။ တစ်ချို့အပိုင်းတွေကိုတော့ဖြင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနဲ့ အနည်းအကျဉ်းကျခံဖို့လည်း ကျွန်တော်တို့ ညှိနှိုင်းပြီး ဖြစ်ပြီးတော့ ကျန်တဲ့အပိုင်းတော့ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် (၂)နှစ်ကိုခွဲပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာငွေသုံးစွဲပြီးတော့ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းများကိုတော့ ဒီပွင့်လင်းရာသီမှာပဲ တစ်ဆက်တစ်စပ်တည်း ပြီးစီးသွားအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ သာစည်မြို့နယ်၊ ညောင်ရမ်း-မကျီးရိုး-ရွှေတုတ်ကုန်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးဖို့ အစီအစဉ်နဲ့ ပတ်သက်ပြီး ဖြစ်ပါတယ်။ ဒီကျေးရွာချင်းဆက်လမ်းဟာ အရှည်(၈)မိုင်ရှိပြီးတော့ မူလဒိစတြိတ်ကောင်စီပိုင် မြေသားလမ်း ဖြစ်ပါတယ်။ ကျေးရွာ(၁၀)ရွာ၊ အိမ်ခြေ(၁၀၂၈)နဲ့ လူဦးရေ(၅၅၁၉)ဦး အကျိုးပြုတဲ့လမ်းဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းအနေနဲ့လည်း ကျွန်တာ်တို့ မြေသားအဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒါကြောင့် ဒီလမ်းကိုလည်း ဒီလမ်းရဲ့အနေအထားအရတော့ ကျွန်တော်တို့ ဘဏ္ဍာငွေအနေနဲ့ စုစုပေါင်း ကျွန်တော်တို့ (၃၄.၂၁)သန်းခန့် ကုန်ကျမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (၂)နှစ်ပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေအခြေအနေ ပိုမိုကောင်းမွန်ပါကလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေနံချောင်းမြို့နယ်ခရိုင်အဆင့်ရှိ ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ ပြန်လည်ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ် ခရိုင်အဆင့်ရှိ ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ ပြန်လည်ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ခရိုင်အဆင့်ရှိ ဆေးရုံကြီးမှာ လစ်လပ်လျက်ရှိတဲ့ အထူးကုဆရာဝန်ကြီးများ ပြန်လည်ဖြည့်တင်းပေးရေးကိစ္စပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုဟာ ၂၀၀၄ ခုနှစ်အထိ မြို့နယ်ပြည်သူ့ဆေးရုံအဆင့်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာတော့ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံကို ခရိုင်အဆင့် ဆေးရုံအဖြစ် တိုးမြှင့်ပေးခဲ့ပါတယ်။ ခရိုင်ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ခံရပြီးချိန်မှာ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး၊ အရိုးအကြောအထူးကု ဆရာဝန်ကြီး၊ ခွဲစိတ်ရောဂါအထူးကု ဆရာဝန်ကြီး (၃)ဦးတို့ ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။

သို့ရာတွင် အထက်ဖော်ပြပါ ဆရာဝန်ကြီးများဟာ ၂၀၀၇ ခုနှစ်ကစပြီးတော့မှ လစ်လပ် လျက်ရှိနေကြပါတယ်။ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံကြီးမှာ လက်ရှိတာဝန်ယူ ဦးဆောင်ကုသ ပေးနေကြတဲ့ ဆရာဝန်များအနေဖြင့် ခရိုင်ဆရာဝန်ကြီးတစ်ဦး၊ လက်ထောက်ဆရာဝန် အမျိုးသား (၂)ဦးနဲ့ လက်ထောက်ဆရာဝန်အမျိုးသမီး (၂)ဦးတို့ဖြင့် ကုသဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ အဆိုပါ အထူးကုဆရာဝန်ကြီးများ မရှိတော့တဲ့အတွက် ပြည်သူလူထု အနေနဲ့ အရေးပေါ်အခြေအနေများမှာ ရေနံချောင်းမြို့နဲ့ (၃၂)မိုင်ခန့်ဝေးတဲ့ မကွေးတိုင်းဒေသကြီး

ဆေးရုံကို သွားရောက်ဆေးကုသနေကြရပါတယ်။ အရေးပေါ် အခြေအနေများနှင့် ကြုံကြိုက်သည့် အခါမှာ ပြည်သူများအနေဖြင့် အထူးကုဆရာဝန်ကြီးများဖြင့် ကုသရန် အခက်အခဲရှိလျက် ရှိပါတယ်။ ရေနံချောင်းမြို့နယ် ပြည်သူ့ဆေးရုံဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်(၂)ရပ် ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်းရောဂါဘယ ကင်းရှင်းရေး တို့အတွက် အကောင်အထည်ဖော်တဲ့နေရာမှာ နည်းနာ(၃)ရပ်ဖြစ်တဲ့ ကျေးလက်ဒေသ အောက်ခြေ အဆင့်အထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသပေးခြင်းများ ပြုလုပ်နိုင်ရန် အခက်အခဲ ရှိပါတယ်။ ခရိုင်အဆင့် ဆေးရုံ ဖြစ်တာနဲ့အညီ လစ်လပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များကို အစားထိုး ပြန်လည်ဖြည့်တင်း ခန့်ထားပေးနိုင်ပါရန်နဲ့ အစားထိုး ဖြည့်တင်းခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသဖြင့် အများ ပြည်သူလူထုအကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နယ်ခွဲ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ အဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီး ဒေသ၊ နန့်မွန်းကျေးရွာအုပ်စု သို့မဟုတ် အင်းတော်ကြီး အရှေ့ဘက်ကမ်း ဟဲပုကျေးရွာအုပ်စု၌ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း က မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နယ်ခွဲ (၁၆)ခုတင်ဆံ့ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ နန့်မွန်းကျေးရွာအုပ်စု သို့မဟုတ် အင်းတော်ကြီး အရှေ့ဘက်ကမ်း ဟဲပုကျေးရွာအုပ်စု၌ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်းတို့ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပဏာမဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နယ်ခွဲ (၁၆)ခုတင်ဆံ့ဆေးရုံကို (၂၅)ခုတင်ဆံ့ တိုးမြှင့်ပေးဖို့နဲ့ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ နန့်မွန်းကျေးရွာအုပ်စု သို့မဟုတ် ဟဲပုကျေးရွာအုပ်စု အရှေ့အခြမ်းဘက်မှာ တိုက်နယ်ဆေးရုံတစ်ခု တိုးမြှင့်ပေးဖို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပင်မြို့နယ်ခွဲကို (၂၅)ခုတင်ဆံ့ဆေးရုံ တိုးမြှင့်ဖို့ တောင်းခံရခြင်း အကြောင်းရင်းကို အနည်းငယ်တင်ပြပါရစေ။ ကျွန်တော်တို့ ဟိုပင်မြို့နယ်ခွဲက လူဦးရေ(၅၀၀၀၀) ပတ်ဝန်းကျင်ရှိပြီးတော့မှ အဲဒီမှာ အစိုးရဌာနပေါင်း Departments (၂၀)ကျော် ရှိပါတယ်။ နောက်ပြီးတော့မှ ခြေမြန်တပ်ရင်းတပ်ဖွဲ့က (၃)ရင်း၊ ခြေလျင်တပ်ရင်း(၁)ရင်းနဲ့ (က)အဆင့်ရှိတဲ့ ပြည်သူ့ရဲစခန်းကြီးကလည်း ရှိပါတယ်။ နောက်ပြီးတော့မှ ဟိုပင်ရဲ့ ပညာရေး အနေအထားကို ကြည့်မယ်ဆိုရင် အထက်တန်းကျောင်းကြီးက (၂)ကျောင်း၊ အထက်တန်းကျောင်းခွဲ (၃)ကျောင်း ရှိတဲ့ မြို့နယ်ခွဲတစ်ခုဖြစ်တဲ့အတွက် ဟိုပင်မြို့နယ်ခွဲရဲ့ (၁၆)ခုတင်ဆံ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ပေးဖို့ ပြည်သူများရဲ့ဆန္ဒကို တင်ပြရခြင်း ဖြစ်ပါတယ်။ အကယ်၍သာ ဟိုပင်မြို့နယ်ခွဲ (၁၆)ခုတင်ဆံ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံ တိုးမြှင့်ပြီးတော့မှ ခွဲစိတ်ဆရာဝန် Specialist တစ်ယောက်ထားပေးမယ်ဆိုရင် (၂၀)မိုင်ဝေးတဲ့ မိုးညှင်းခရိုင်ဆေးရုံကို သွားလာဖို့ ဒါဟာအများကြီး သက်သာသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီက မိုင်(၂၀)ဆိုတဲ့ခရီးဟာ အမှန်အတိုင်းပြောရမယ်ဆိုရင် အရေးကြီးလူနာ ဟိုပင်ကနေ တင်မယ်ဆိုရင် တစ်နာရီ (၅)မိုင်နှုန်းနဲ့ မောင်းလို့ မကောင်းတော့ပါဘူး။ တကယ် ချိုင့်တွေ၊ ကျင်းတွေပေါ်တဲ့ လမ်းပါ။ ဒါကြောင့်မို့ ဟိုပင်မြို့နယ်ခွဲဆေးရုံကို အဆင့်မြှင့်တင်ပေးဖို့ တင်ပြရခြင်း ဖြစ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု သို့မဟုတ် အင်းရဲ့အရှေ့ခြမ်း ဟဲပုကျေးရွာအုပ်စုမှာ ကျွန်တော်တို့ တိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့ (၁)ခု တိုးမြှင့်ပေးဖို့ တောင်းခံရခြင်း အကြောင်းရင်းမှာလည်းပဲ အနည်းငယ် တင်ပြပါရစေ။ အင်းတော်ကြီးဒေသဟာ သီးခြားမြို့နယ်ဖြစ်ပြီးတော့မှ စတုရန်းမိုင်ပေါင်း (၃၀၀)ကျော် ရှိပါတယ်။ လူဦးရေအားဖြင့် (၅၀၀၀၀)ကျော် ရှိပါတယ်။ အဲဒီမှာရှိတဲ့ လုံးတုံဆေးရုံ၊ တိုက်နယ်ဆေးရုံနဲ့ ချောင်းဝတိုက်နယ်ဆေးရုံ (၂)ရုံရှိပါတယ်။ ဒါပေသိ အင်းတော်ကြီးဒေသရဲ့ သွားလာခက်ခဲမှု

လမ်းခရီးရဲ့ ကန့်သတ်ချက်တွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီကျန်းမာရေးဝန်ဆောင်မှုအတွက်ကို မလုံလောက်တဲ့ဒေသ ဖြစ်ပါတယ်။

ဥပမာ - နန့်မွန်းဘက်က အရှေ့ဘက်ခြမ်းကို ကျွန်တော် တောင်းရခြင်းဟာ နန့်မွန်း ကျေးရွာအုပ်စုဟာ အိမ်ခြေ(၂၀၀၀)ကျော် ရှိပြီးတော့မှ လူဦးရေ(၂၀၀၀၀)ကျော်ကျော်လောက် ရှိပါတယ်။ သူနဲ့ တစ်ဆက်တစ်စပ်တည်းမှာရှိတဲ့ ဟဲပုကျေးရွာအုပ်စု၊ လုံးစန့်ကျေးရွာအုပ်စု အားလုံးဟာ လူဦးရေအားဖြင့် (၃၀၀၀၀)ဝန်းကျင် ရှိနေပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော့်အနေနဲ့က လုံးတုံဆေးရုံနဲ့ (၁၂)မိုင်ကွာဝေးပေမယ့် နန့်မွန်းဟာ မိုးတွင်းရာသီများကို ကျွန်တော်တို့ သွားလာ ရတဲ့အခါ ဆိုင်ကယ်နဲ့တောင် တစ်ခါတလေ တောင်ရေကျတဲ့အခါမျိုးဆိုရင် ညနေမှ ရောက်လာ ရတဲ့ဘဝမျိုး ရှိပါတယ်။

အဲဒီတော့ လမ်းပန်းဆက်သွယ်လည်း ခက်ခဲတဲ့ဒေသ နောက်ပြီးတော့ လူဦးရေဟာလည်း အရှေ့ခြမ်းလမ်းဟာ လူဦးရေများတဲ့ အတွက်ကြောင့်မို့ ကျွန်တော့်အနေနဲ့ နမ့်မွန်း ကျေးရွာအုပ်စု သို့မဟုတ် ဟဲပုကျေးရွာအုပ်စု အရှေ့ကမ်းမှာ ဆေးရုံဆောက်ဖို့တင်ပြရခြင်း ဖြစ်ပါတယ်။

နန့်မွန်းကို တစ်နည်းအားဖြင့် တင်ပြရမယ်ဆိုရင် အထက်တန်းကျောင်းတစ်ကျောင်း ရှိပြီးတော့မှ စာစစ်ဌာန ရပါတယ်။ နောက်ပြီးတော့ ရဲကင်းစခန်းလည်း ဖွင့်ထားပြီးတော့မှ ပြည်သူ့စစ်စခန်းလည်း ဖွင့်ထားတဲ့ကျေးရွာအုပ်စုကြီးတစ်စု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ဒီမေးခွန်း(၂)ခုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက နံပါတ်တစ်မေးခွန်းအနေနဲ့ ဟိုပင် မြို့နယ်ခွဲရဲ့ (၁၆)ခုတင်ဆံ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံ အဆင့်တိုးမြှင့်ပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ၊ အင်းတော်ကြီးဒေသ၊ နန့်မွန်းကျေးရွာအုပ်စု သို့မဟုတ် အရှေ့ခြမ်း ဟဲပုကျေးရွာအုပ်စုမှာ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံ တိုးချဲ့ပေးဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဂါရဝရှေ့ထားပြီး ကျန်းမာရေးဝန်ကြီးဌာနအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း မှ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ခရိုင်အဆင့်ရှိ ဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ ပြန်လည်ဖြည့်တင်းပေးရေး မေးခွန်းနှင့်စပ်လျဉ်း၍ ရေနံချောင်းမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးဟာ ၁၉၈၀ ခုနှစ် မတိုင်မီကတည်းက ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ ဖြစ်ပါတယ်။ ယခုလည်း တကယ်တမ်း ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအရတော့ ခုတင်(၅၀)ဆံ့ မြို့နယ်ဖွဲ့စည်းပုံပဲ ဖြစ်တဲ့အတွက် လက်ရှိမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး (၁)ဦးနဲ့ လက်ထောက်ဆရာဝန်(၄)ဦးတို့က တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ဒါကြောင့် ခုတင်(၅၀)ဆံ့ မြို့နယ်အဆင့်ဆေးရုံမှာ ဖွဲ့စည်းပုံအရ အထူးကုဆရာဝန်များ မပါဝင်တဲ့အတွက် အထူးကုဆရာဝန်များ လက်ရှိခန့်ထားပေးနိုင်ရန် အခြေအနေမရှိကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်မှာ မူလဖွဲ့စည်းပုံ (၆၃)ဦးသာရှိတဲ့ ခုတင်(၅၀)ဆံ့ ဆေးရုံကနေ (၈၁)ဦးပါတဲ့ စံကိုက်ဆေးရုံအဆင့်ကို ပထမဦးဆုံး တိုးမြှင့်ပေးပြီးတော့မှ ဒါဆိုလို့ရှိရင် သူက လက်ထောက်ဆရာဝန်(၆)ဦး ပါလာမှာဖြစ်ပါတယ်။

ဒုတိယအဆင့်အနေနဲ့ ခုတင် (၁၀၀)ဆံ့ခရိုင်အဆင့်ဆေးရုံ တိုးမြှင့်လိုက်မှသာလျှင် အထူးကု ဆရာဝန်များပါလာမှာဖြစ်တဲ့အတွက် ပထမဦးဆုံးအဆင့်အနေနဲ့တော့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်မှာ စံကိုက်ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့မေးခွန်းနှစ်ခုကိုတစ်ဆက်တည်း ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့နယ်ခွဲ (၁၆)ခုတင်ဆံ့ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံအဆင့်အဖြစ် အဆင့်တိုးမြှင့်နိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် အင်းတော်ကြီးဒေသမှာရှိတဲ့ ဟဲပုကျေးရွာမှာ လက်ရှိကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားပြီးဖြစ်တဲ့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နောင်တစ်ချိန် ဆေးရုံရဲ့ အသုံးပြုမှု ရာခိုင်နှုန်းများလာပြီး လူဦးရေ များပြားလာသည့်အခါမှာ တိုက်နယ်ဆေးရုံအဆင့်သို့ ဆက်လက်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ၃၀-၈-၂၀၁၂ တွင် တင်သွင်းတဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးမည့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း၊ အတည်ပြုချက်ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးကံညွန့် (အတွင်းရေးမှူး၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အာဆီယံ စီးပွားရေးအသိုက်အဝန်း ဆိုင်ရာ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ၏ နိုင်ငံတော်၏ ရင်းနှီး မြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT) နှင့် နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှု (JV/BOT) အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက် အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က နိုင်ငံတော်၏ ရင်းနှီး မြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT) နှင့် နိုင်ငံခြားကုမ္ပဏီ များ၏ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှု (JV/BOT) အစီအစဉ်(၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်း များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်းနဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်း လိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးမျိုးမြင့် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ဒီနေ့တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ လျှပ်စစ်ကဏ္ဍမှာ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT)နှင့် နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူ ပူးပေါင်းရင်းနှီးမြှုပ်နှံမှု(JV/BOT) အစီအစဉ်(၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်

ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့မှာ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် က လျှပ်စစ်စီမံကိန်းများနဲ့ ပတ်သက်ပြီး မေးခွန်းများ မေးမြန်းသွားချက်အပေါ် ယခင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် က ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြန်လည်ဖြေကြားချက်များနှင့် ဆက်စပ်ပြီးတော့ ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အရင် အမှတ်(၁)လျှပ်စစ်မှ တာဝန်ယူထားတဲ့ ရေအားကျောက်မီးသွေးစက်ရုံ(၁၇)ရုံ၊ (JV/BOT) စက်ရုံ(၂)ရုံနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနရဲ့ စက်ရုံ(၁)ရုံတို့ရဲ့ စက်တပ်ဆင်အင်အားက (၂၇၈၀)မဂ္ဂါဝပ်နှင့် အမှတ်(၂)လျှပ်စစ်က ဓာတ်ငွေ့သုံးစက်ရုံ(၁၀)ရုံရဲ့ စက်တပ်ဆင်အင်အားမှာ (၇၁၄.၉)မဂ္ဂါဝပ် အသီးသီးဖြစ်လို့ စုစုပေါင်း စက်တပ်ဆင်အင်အားက (၃၄၉၄.၉)မဂ္ဂါဝပ်ရှိနေပါတယ်။

၎င်းအနက် (၂၆၅၄.၉)မဂ္ဂါဝပ်ဟာ ဌာနဆိုင်ရာ သီးသီးသန့်သန့်နဲ့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့ စီမံကိန်းများ ဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အချိန်သက်သာအောင်ရယ်၊ အင်္ဂလိပ်စကားလုံးများ ညှပ်သုံးတာလေးကို ခွင့်ပြုပါလို့ ကျွန်တော် ကြိုတင်မေတ္တာ ရပ်ခံချင်ပါတယ်ခင်ဗျား။ ဒါ့အပြင် နိုင်ငံတော်ရဲ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ပထမ အမျိုးအစားဖြစ်တဲ့ ဆောင်ရွက်ဆဲစီမံကိန်း(၈)ခု၊ (၁၇၂၂)မဂ္ဂါဝပ်အနက် ၂၀၁၅-၂၀၁၆ ခုနှစ် လက်ရှိ ပြည်ထောင်စုအစိုးရသက်တမ်း မတိုင်မီမှာ စီမံကိန်း(၃)ခု၊ (၂၂၀) မဂ္ဂါဝပ်နဲ့ ဒုတိယ ငါးနှစ်စီမံကိန်း ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်းမှာ စီမံကိန်း(၅)ခု၊ စုစုပေါင်း (၁၅၀၂) မဂ္ဂါဝပ် တို့ကို ရန်ပုံငွေပံ့ပိုးပစ္စည်း လိုအပ်ချက်ရရှိပါက လျာထားချက်အတိုင်း ပြီးစီးနိုင်ကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဒုတိယ အမျိုးအစားနှင့် တိုင်းရင်းသားကုမ္ပဏီများရဲ့ (BOT) စီမံကိန်း(၃)ခု အဲဒါတွေ တင်ပြရလို့ရှိရင် (သောက်ရေခပ်၊ ဘီလူးချောင်း-၃၊ အထက်ဘီလူးချောင်း)မှ စက်တပ်ဆင်အင်အား (၂၀၁)မဂ္ဂါဝပ် ရှိတာမှာ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာ စီမံကိန်း(၂)ခုမှ (၁၇၂)မဂ္ဂါဝပ်သာ ရရှိနိုင်ပြီးတော့ ၂၀၂၀-၂၀၂၁

ခုနှစ်အတွင်းမှာ ကျန်စီမံကိန်းတစ်ခုမှ (၂၉)မဂ္ဂါဝပ်သာ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ရေအားလျှပ်စစ် စီမံကိန်းများဟာ ကနဦးရင်းနှီးမြှုပ်နှံမှု ကြီးမားပြီးတော့ ပြီးစီးတဲ့နောက်ပိုင်း ဓာတ်အားထုတ်လုပ်မှု စရိတ်သက်သာတဲ့ လုပ်ငန်းသဘာဝလည်း ဖြစ်ပါတယ်။ စီမံကိန်းကာလမှာ စီမံကိန်း အရွယ်အစားပေါ် မူတည်ပြီးတော့ ကြာမြင့်တတ်ကြပါတယ်။ တိုင်းရင်းသား ကုမ္ပဏီများအနေနဲ့ ရေရှည်ပါဝင်လုပ်ဆောင်နိုင်ရန်မှာ ပြည်တွင်းသုံးငွေ နှစ်ရှည်မြှုပ်နှံသုံးစွဲရန် လိုအပ်ခြင်း၊ နိုင်ငံခြားငွေ(FE)ရရှိရန် လိုအပ်ခြင်းတို့ ဖြစ်ပါတယ်။ အတွေ့အကြုံရှိတဲ့ ပြည်တွင်းပညာရှင်များ/ ကျွမ်းကျင်ဝန်ထမ်းများနဲ့ ဖွဲ့စည်းမှု ရှိရန်လည်း လိုအပ်မှာဖြစ်ပြီးတော့ ဝေးလံဒေသများမှာရှိတဲ့ စီမံကိန်းလုပ်ငန်းခွင်များကို အခြေချလုပ်ကိုင် နိုင်စွမ်းလည်း ရှိရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဒေသတွင်းဓာတ်အားစနစ် (Isolated Grid) ဖန်တီးဖြန့်ဖြူးရေးနှင့် နိုင်ငံတော် ဓာတ်အားစနစ် (National Grid) သို့ ချိတ်ဆက်ဓာတ်အား ရောင်းချနိုင်ရေး ကြုံတွေ့ရမယ့် အခက်အခဲများကိုလည်း ရင်ဆိုင်ကျော်လွှားရန် လိုအပ်ပါမယ်။ ရင်းနှီးမြှုပ်နှံ ထုတ်လုပ်မှုစရိတ် ကြီးမြင့်မှုအရ ဓာတ်အားတစ်ယူနစ် ဈေးနှုန်းကျပ်(၁၅၀)ကနေပြီးတော့ (၂၀၀)အတွင်းမှာ ရှိနိုင်မယ့် ခန့်မှန်းလို့ လက်ရှိအိမ်သုံးဓာတ်အား တစ်ယူနစ် ကျပ်(၃၅) ကျပ်နှင့် နှိုင်းယှဉ်လျှင် စီးပွားရေး တွက်ချေကိုက်မယ့် နည်းလမ်းများရှာဖွေထားရန် လိုအပ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

တဖန် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် တတိယအမျိုးအစားနဲ့ နိုင်ငံခြားကုမ္ပဏီများ(FDI) (JV/BOT)နှင့် နားလည်မှုစာချွန်လွှာ (MoU)၊ သဘောတူညီချက် စာချွန်လွှာ(MoA)နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစာချုပ် (JVA)များ လက်မှတ်ရေးထိုးထားကြတဲ့ စီမံကိန်း စုစုပေါင်း ဒီနေ့အထိ (၄၄)ခု ရှိကြောင်း သိရှိရပါတယ်။ (MoU)နဲ့ဆိုလို့ရှိရင် (၁၈)ခုနဲ့ (MoA)ဆိုရင် (၂၃)ခု၊ (JV/VOT)ဆိုရင် (၃)ခု၊ စုစုပေါင်း(၄၄)ခုမှာ စုစုပေါင်း စက်တပ်ဆင်အားဟာ (၄၂၄၂၆.၅) မဂ္ဂါဝပ်ရှိမယ်လို့ ခန့်မှန်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုငွေကြေးဟာဆိုလို့ရှိရင် အမေရိကန်ဒေါ်လာ (၅၃)ဘီလီယံခန့် ဖြစ်ပါမယ်။

၁၉၉၅ ခုနှစ်၊ ကမ္ဘာ့ဘဏ်ရဲ့ ဆန်းစစ်လေ့လာချက်များအရ မြန်မာနိုင်ငံရဲ့ ရေအား အရင်းအမြစ်များ ထုတ်ယူနိုင်တဲ့ ပမာဏဟာ စက်တပ်ဆင်အင်အား (၁၀၈၀၀၀)မဂ္ဂါဝပ်ခန့် ရှိတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီအထဲကနေပြီးတော့ ဖြစ်မြောက်နိုင်စွမ်းရှိတဲ့ စီမံကိန်းနေရာ ကွန်တော်တို့ (Potential Hydropower Sites) (၂၆၇)နေရာမှနေပြီးတော့ မဂ္ဂါဝပ်(၃၈၃၄၆)

ရရှိနိုင်တယ်လို့လည်း သိရှိရပါတယ်။ လက်ရှိရေအားလျှပ်စစ်ကဏ္ဍက ထုတ်လုပ်ပြီးသမျှ (၂၆၆၀) မဂ္ဂါဝပ်ဟာ ဖော်ပြပါ Potential ရဲ့ (၇)ရာခိုင်နှုန်းခန့်မျှသာ ရှိသေးတဲ့အတွက် ဆက်လက်လုပ်ဆောင်ရန် များစွာကျန်ရှိနေသေးကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအားဖြင့် (JV/BOT) စနစ်နဲ့ ဆောင်ရွက်မယ့် စီမံကိန်းအတော်များများရဲ့ ခန့်မှန်းစက်တင်ဆင်အင်အားဟာ သင့်တင့်လုံလောက်တဲ့အချိန် တစ်ခုရယူပြီးကွင်းဆင်း အသေးစိတ် စူးစမ်းလေ့လာမှု မရှိဘဲနဲ့ စီမံကိန်းစနစ် (Project Formulation) ချမှတ်ကြပါတယ်။ အခြေခံကျင့်သုံးမယ့် ဒီဇိုင်းစနစ် (Conceptual Design)နှင့် လုပ်ငန်းပမာဏခန့်မှန်းတွက်ချက်ခြင်းတို့ကို ခပ်ကြမ်းကြမ်း ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိ နေရပါတယ်။ ဒါဟာ သက်ဆိုင်ရာနိုင်ငံ ဘဏ်များကနေ ချေးငွေများများရရှိ အောင် ရည်ရွယ် လုပ်ဆောင်ကြတယ်လို့ ယူဆနိုင်ပါတယ်။

စီမံကိန်းတန်ဖိုး(Project Cost) မြှင့်တင်ခြင်း၊ စီးပွားရေးအရ နှစ်စဉ် ထိရောက်အကျိုးရှိစွာ ထုတ်လုပ်နိုင်မယ့်ဓာတ်အား (Optimized Annual Energy) အလေးမထားခြင်း၊ စံနှုန်းများနှင့်အညီ တွက်ချက်ရမယ့် ခိုင်လုံဓာတ်အား (Firm Power)တို့ကို စဉ်းစားခြင်းမပြုဘဲ အများဖက်ရှိတဲ့ စက်တပ်ဆင်အင်အား (Higher Installed Capacity)သတ်မှတ်ခြင်း စသည်တို့ တွေ့ရှိနေရပါတယ်။ သင်္ချာအသုံးအနှုန်းဖြင့် အပိုင်းဂဏန်းနဲ့ ဖော်ပြရမယ်ဆိုလို့ရှိရင် ပိုင်းဝေ (Numerator) ဖြစ်တဲ့ စက်တပ်ဆင်အင်အား(Installed Capacity)နဲ့ ပိုင်းခြေ (Denominator)ဖြစ်တဲ့ စက်တပ်ဆင်အင်အား(Installed Capacity)နဲ့ စားပါက တစ် မဂ္ဂါဝပ်အတွက် စီမံကိန်းကုန်ကျစရိတ် (Cost/MW)ကျဆင်းစေရန် မဂ္ဂါဝပ် များထားရတဲ့ ရည်ရွယ်ချက်လည်း ဖြစ်ပါတယ်။

အခုလို တစ် မဂ္ဂါဝပ် ကုန်ကျစရိတ် တစ်ခုတည်းအပေါ်မှာ တွက်ချက်ရုံနဲ့လည်း စီမံကိန်းခန့်မှန်းကုန်ကျစရိတ်ဟာ မှန်တယ် လို့ ပြောမရပါဘူး။ အခြားဒီဇိုင်းနှင့် တည်ဆောက်ရေးနည်းစနစ်ပိုင်း၊ စီမံကိန်းဒေသမှာ တည်ဆောက်ရေးပစ္စည်းများ လွယ်ကူလုံလောက်စွာ ရရှိနိုင်မှု၊ မဟာဓာတ်အားလိုင်းများ တိုတောင်းပြီးတော့ ဆက်သွယ်လွယ်ကူမှု စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ ဖော်ပြပါ စီမံကိန်း(၄၄)ခုမှာ စီမံကိန်းတစ်ခုချင်းစီရဲ့ တစ်မဂ္ဂါဝပ် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၁) သန်းကနေပြီးတော့ (၃) သန်းအတွင်း

မှာ ရှိတယ်ဆိုပြီး အမျိုးမျိုးဖော်ပြထားတာ တွေ့ရှိရလို့ ဒါတွေဟာ ယုတ္တိတန်မှု (Justification) မရှိလို့ ကျွန်တော်တို့ သုံးသပ်လိုပါတယ်။ တစ်မဂ္ဂါဝပ် အမေရိကန်ဒေါ်လာ များသောအားဖြင့် (၂.၂) သန်း အများဆုံးလောက် ရှိပြီးတော့(၂.၅)သန်းထက် ပိုတဲ့ စီမံကိန်းများ နိုင်ငံတကာမှာ မရှိသလောက်ပင် ဖြစ်ပါတယ်။ စုစုပေါင်းစီမံကိန်း(၄၄)ခုအနက်မှာ ဆိုလို့ရှိရင် စီမံကိန်း(၂၀) ကို အမေရိကန် ဒေါ်လာ (၁) သန်းနှုန်း၊ စီမံကိန်း(၁၀)ခုကို (၃) သန်းနှုန်းနဲ့ နားလည်မှု စာချွန်လွှာ (MoU)များ လက်မှတ်ရေးထိုးထားတာများဟာ အခြေခံမရှိဟု သုံးသပ်လိုပါတယ်။ စီမံကိန်း (၁၉)ခုမှာ လွန်ခဲ့တဲ့ (၅)နှစ်ဝန်းကျင်က ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်းမှာ (MoU)လက်မှတ်များ ရေးထိုးခဲ့ကြပြီးတော့ ဒုတိယအဆင့် သဘောတူညီချက်စာချုပ် (MoA) လက်မှတ်ရေးထိုးနိုင်တဲ့ အဆင့်ကို မရောက်ရှိကြသေးပါ။ စီမံကိန်းများ လက်တွေ့မဖြစ်နိုင်တဲ့ အခြေအနေကို လေ့လာ တွေ့ရှိနေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းများဆောင်ရွက်ရန် (MoU) လက်မှတ် ရေးထိုးအဆင့်ဟာ အလွန်ကနဦးကျပြီး နုနယ်တဲ့အဆင့် (Very Preliminary Stage) ဖြစ်ပါ တယ်။ လက်တွေ့မှာ အဖွဲ့အစည်းများအကြား ခိုင်မာသောချည်နှောင်မှု (Legal Binding) မရှိလို့လည်း ယူဆနိုင်ပါတယ်။ သူ့ထက်ငါ နေရာဦးအောင် ဖျာခင်းလုပ်ဆောင်နေ ကြတာသာ ဖြစ်ပါတယ်။ စီမံကိန်း အတော်များများဟာ (MoU)လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာ (၂)နှစ်မှ (၃)နှစ်နီးပါး ကြာတဲ့တိုင်အောင် ဒုတိယအဆင့် (MoA)ကိုလက်မှတ် မရေးထိုးနိုင်ကြသေးတဲ့ အတွက် တတိယအဆင့် (JV/BOT)အတွက် လုပ်ဆောင်ဖို့ဆိုတာ အလှမ်းလွန်စွာ ကွာဝေးနေ သေးကြောင်း သုံးသပ်ရရှိပါတယ်။

နှစ်ဖက်လိုက်နာကြရမယ့် စည်းကမ်းချက်များ (Terms of References)မှာ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ (Developer)က (MoU)လက်မှတ်ရေးထိုးပြီးနောက် (MoA)ကို (၆)လအတွင်း စီမံကိန်း ဖြစ်နိုင်စွမ်း အစီရင်ခံစာ (Project Feasibility Study Report) တင်သွင်းရမှာ ဖြစ်ပါတယ်။ ဒါ့နောက်(၆)လအတွင်း (JV/BOT)လက်မှတ် မရေးထိုးမီ၊ စီမံကိန်း အကြိုတည်ဆောက်ရေး လုပ်ငန်းများ(Construction Preliminaries) စတင်ဆောင်ရွက်ရန်လို့ နားလည်ထားပါတယ်။ လက်ရှိအချိန်အခါနှင့် အခြေအနေများအရ ရေအားလျှပ်စစ်စီမံကိန်းများဟာ မြန်မာနိုင်ငံ နယ်ခြားဒေသ၊ ပြည်နယ်ဒေသ အတော်များများမှာ ရှိနေရာ၊ တိုင်းရင်းသား လက်နက်ကိုင်

အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက်လျက်ရှိနေမှုနှင့် လုံခြုံရေး အကြောင်းပြလျက် စီမံကိန်းများမှာ လက်တွေ့ အသက်မဝင်ဘဲ ရပ်ထားကြတယ်လို့ သိရှိရပါတယ်။ စာချုပ်မှာ ပါရှိတဲ့ အဖွဲ့အစည်း နှစ်ဖက်စလုံးက မိမိတို့ အစိုးမရတဲ့ ဖြစ်ရပ်များ ဥပမာ (Force Majeure) ပေါ်ပေါက်လာပါကလည်း တရားဝင်အသိပေးပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်များအရသာ စီမံကိန်းလုပ်ငန်းများကို ရပ်နား ထားရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရလို့ရှိရင် (MoU/MoA) လက်မှတ်ရေးထိုးထားကြတဲ့ စီမံကိန်း အတော်များများဟာ နိုင်ငံအတော်အတွက် (က) လျာထားချက်များအတိုင်း လက်တွေ့ အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ၊ (ခ) ဖော်ပြထားတဲ့ စက်တပ်ဆင်အင်အား (Installed Capacity) များဟာ အနီးစပ်ဆုံး မှန်ကန်မှု ရှိ/မရှိ၊ (ဂ) တစ်နှစ်ပတ်လုံး လက်တွေ့ ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အား (GWh)ရ/မရ၊ (ဃ) စီမံကိန်းဖြစ်မြောက် နိုင်စွမ်းနှင့် အသေးစိတ် ဒီဇိုင်းအစီရင်ခံစာပါ လုပ်ငန်းကဏ္ဍများ၊ လုပ်ငန်းပမာဏများ ဈေးနှုန်းများဟာ လက်ခံနိုင်ခြင်း ရှိ/မရှိ၊ (င) ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ ဖော်ပြထားချက်များ မှန်ကန်မှု ရှိ/မရှိ စသည်တို့ဟာ မေးခွန်းထုတ်စရာများ ဖြစ်နေတယ်လို့ သုံးသပ်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ပြည်တွင်း/ပြည်ပ ဈေးကွက် စီးပွားရေးစနစ်ကို ဖိတ်ခေါ်အားပေးလျက်ရှိရာ ကျွန်တော် ရှေ့ပိုင်းမှာ ဆွေးနွေးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှု စနစ်(၃)မျိုးနဲ့ ဆောင်ရွက်မယ့် အစီအမံများအပေါ်မှာ အားပေးထောက်ခံရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်များဟာ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများရဲ့ ပါဝင်မှုများအပေါ် အနုတ်လက္ခဏာဆောင်တဲ့ အမြင်နဲ့ မဟုတ်ပါ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ အောက်မှာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (JV/BOT)(၄၄)ခုအနက် စီမံကိန်းပမာဏ ကြီးမားတဲ့ စီမံကိန်းကြီး(၂၃)ခုကို ဦးစားမပေးသေးဘဲ စက်တပ်ဆင်အင်အား (၄၅)မဂ္ဂါဝပ် ကနေ ပြီးတော့ (၂၀၀)မဂ္ဂါဝပ်အတွင်းရှိတဲ့ စီမံကိန်း(၂၁)ခုကို သက်ဆိုင်ရာအဖွဲ့အစည်းများက အရှိန်အဟုန်နဲ့ အခုကတည်းက စတင်လုပ်ကိုင် ဆောင်ရွက်နိုင်သည့်တိုင်အောင်၊ ရေအားလျှပ်စစ်ရဲ့ လုပ်ငန်းသဘာဝ အရ (၄)နှစ်မှ (၆)နှစ်ခန့်ကြာမှသာ ပြီးမှာဖြစ်ပါတယ်။

လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့သက်တမ်း သို့မဟုတ် ၂၀၁၅-၂၀၁၆ ခုနှစ် မကုန်ဆုံးမီမှာ (JV/BOT) စီမံကိန်းများအောက်မှ စက်တပ်ဆင်အင်အား (၂၄၅၁.၅)မဂ္ဂါဝပ်အနက် ပြည်ပကုမ္ပဏီများ အဆိုပြုတဲ့ (၂၅)မဂ္ဂါဝပ်မှ (၆၀)မဂ္ဂါဝပ်အတွင်းရှိတဲ့ စီမံကိန်း(၅)ခုဟာ (၂၀၈)မဂ္ဂါဝပ်ကိုသာ အများဆုံး မျှော်လင့်နိုင်ပါတယ်။ (JV/BOT)စီမံကိန်း(၄၄)ခု၊ တတိယကာလတို (၅)နှစ်စီမံကိန်း ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ ခုနှစ်အထိ၊ နောက်ပိုင်း ၂၀၃၀-၂၀၃၁ ခုနှစ်အထိ ကာလတို (၅)နှစ် စီမံကိန်းများအလိုက် ပြီးစီးနိုင်မယ့်အခြေအနေများကိုလည်း ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။

အချိန်ကန့်သတ်လို့ အသေးစိတ်တော့ ကျွန်တော် မဖော်ပြတော့ပါဘူး။ ၂၀၁၅-၁၆ မှာ လျာထားတဲ့စီမံကိန်းဦးရေက (၅)ခု ရှိပြီးတော့ ပြီးနိုင်မယ်လို့ ခန့်မှန်းတာ (၂၀၈) ပြီးနိုင်မယ်လို့ ခန့်မှန်းပါတယ်။ လက်တွေ့မှာတော့ (၁၃၀)မဂ္ဂါဝပ်ထက် မရနိုင်ပါဘူး။ ဒါကြောင့် ကျန်ရှိတဲ့ ကာလတို(၅)နှစ်စီမံကိန်း (၂၀)နှစ်အတွင်းမှာ ဆိုလို့ရှိရင် စီမံကိန်း(၄၄)ခု၊ မျှော်မှန်းထားတဲ့ (၄၂၄၂၆.၆)မဂ္ဂါဝပ်အနက်က ဆိုလို့ရှိရင် အများဆုံးရနိုင်လို့ရှိရင် (၂၀၃၀၅)ရာနှုန်းအားဖြင့် (၄၇.၈၆) (၄၈)ရာခိုင်နှုန်းသာ ရနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ မိမိရဲ့ ရေမြေသယံဇာတ၊ သဘာဝအရင်းအမြစ်များ စိုက်ထုတ်သုံးစွဲခွင့်ပြုတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားကုမ္ပဏီများရဲ့ ငွေကြေးစိုက်ထုတ် ရင်းနှီးမြှုပ်နှံမှု အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ် (JV/BOT)အောက်ရှိ စီမံကိန်းများ လုပ်ကိုင်ခွင့်ကာလ(Concession Period) ကုန်ဆုံးပြီးနောက်မှာ နိုင်ငံတော်ကို ပြန်လွှဲအပ်ချိန်မှာ နှစ်ကာလ အတိုင်းအတာတစ်ခုအထိ ရေအားလျှပ်စစ် အဆောက်အအုံများ၊ ဓာတ်အားပေးစက်ရုံနှင့်စက်များ ကြံ့ခိုင်နေစေမှု၊ စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်နိုင်စေမှုတို့အပေါ် လက်တွေ့တာဝန်ယူကြမယ့် (JVA) ကုမ္ပဏီများဟာ ကနဦးလက်မှတ်ရေးထိုးခဲ့ကြတဲ့ စာရွက်များအပေါ်မှာသာ အခြေခံ၊ အာမခံခြင်းမျိုး မဟုတ်ဘဲ လက်တွေ့အာမခံနိုင်မှာ ဖြစ်ပါတယ်။ နှစ်ရှည်ကြာစွာ လုပ်ကိုင်ခွင့်ပေးထားရတဲ့ ဓာတ်အားပေးစက်ရုံများဖြစ်တဲ့အတွက် လုပ်ကိုင်ခွင့်ကာလသက်တမ်း တစ်လျှောက်လုံး အစဉ်တစိုက် ကျွန်တော်တို့ဘက်က ပူးပေါင်းကြပ်မတ်ဆောင်ရွက်သွားရ မှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုဂုံးချုပ်အနေနဲ့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု အစီအစဉ်များအရ အကောင်အထည်ဖော်ရန် (MoU/MoA/JVA) လက်မှတ်ရေးထိုးထားပြီး စီမံကိန်း(၄၄)ခုကို ဘဏ်အတိုးနှုန်း(၄.၅)ရာခိုင်နှုန်းဖြင့် တရုတ်နိုင်ငံမှ EXIM BANK/ CDB တို့ရဲ့ ချေးငွေများနဲ့ ဆောင်ရွက်လုပ်ကိုင်ကြမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့(၁.၅)ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်/ အာရှဖွံ့ဖြိုးရေးဘဏ်/ဂျပန်နိုင်ငံတို့ရဲ့ (၁)ရာခိုင်နှုန်းမှ (၁.၂)ရာခိုင်နှုန်း အတွင်းမှာရှိတဲ့ အတိုးနှုန်းများနှင့် ယှဉ်လို့ရှိရင် လွန်စွာကြီးမြင့်နေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးများထံမှ ချေးငွေရယူမှုနှင့် ဆက်စပ်ပါက နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးကြီးမားစွာ မဖြစ်ပေါ်စေရေး စဉ်းစားသင့်ကြောင်း သုံးသပ်လိုပါတယ်။ ရင်းနှီးမြှုပ်နှံကြရာမှာ သေချာရေရာခြင်းမရှိတဲ့ အဖွဲ့အစည်းများဟာ (MoU /MoA) စည်းကမ်းချက်များနှင့် ညီစွန်းလျက် ရှိကြပါက စာချုန်လွှာများအပေါ်မှာ ပြန်လည်သုံးသပ်ခြင်း (Reassessment)ပြုလုပ်သင့်တယ်လို့ ယူဆပါတယ်။ ယခင်က (MoU) လက်မှတ်ရေးထိုးပြီးနောက် သတ်မှတ်ကာလအတွင်း တင်သွင်းရမယ့် အစီရင်ခံစာများ တင်သွင်းနိုင်ခြင်း မရှိခဲ့တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)က စီမံကိန်း(၂)ခုအပေါ် အရေးယူခဲ့တဲ့ အစဉ်အလာ ရှိခဲ့ဖူးတယ်လို့ သိရှိရပါတယ်။ ဒါဟာလည်း နိုင်ငံတော်နှင့် ပြည်ထောင်စုတိုင်းရင်းသားများ အကျိုးအတွက် တင်ပြဆွေးနွေးလို့ရတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အခွင့်အရေးကို ရယူပြီး တင်ပြခြင်းသာ ဖြစ်ပါတယ်။

ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ အလျဉ်းမပါဘဲ ပွင့်လင်းမြင်သာစွာ ဆွေးနွေးခြင်းဖြစ်တယ်ဆိုတာ ထပ်လောင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT) နဲ့ နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူပူးပေါင်း ရင်းနှီးမြှုပ်နှံမှု (JV/BOT) အစီအစဉ်(၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက် အကျိုးရှိစေရန် ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရ သို့ တိုက်တွန်းသည့်အဆိုကို လေးလေးနက်နက် တင်ပြရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ် ရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားသော နိုင်ငံတော်၏ ရင်းနှီး မြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT)နှင့် နိုင်ငံခြား ကုမ္ပဏီ များ၏ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှု (JV/BOT) အစီအစဉ်(၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်း များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက် ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဒေါက်တာ စိုးဝင်း မှ ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT)နှင့် နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှု (JV/BOT)အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိ စေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြု တင်ပြချက်များနှင့် ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်း စည်းကမ်းများအား လျှော့ပေါ့ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် ၊မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြုတင်ပြချက်များနှင့် ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအား လျှော့ပေါ့ပြင်ဆင်ပေးရန်နှင့် စပ်လျဉ်းတဲ့အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးစိုင်းကျော်ဇောသန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြုတင်ပြချက်များနှင့်ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအား လျှော့ပေါ့ပြင်ဆင်ပေးရေးအဆိုကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်တဲ့အတွက် ဖတ်ကြားခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ခွင့်တောင်းခံအပ်ပါသည် ခင်ဗျား။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိနိုင်ငံတော်၏ ပညာရေးစနစ်အရ မြို့နယ်များမှာ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအပြင် တွဲဖက် အ.ထ.က၊ တွဲဖက် အ.လ.က၊ မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုသင်ကြား ပေးစေလျက်ရှိပါတယ်။ မြို့နယ်များမှာ လိုအပ်ချက်အရနဲ့ ကျောင်းသားမိဘများရဲ့ လိုချင်တောင်းတချက်များအရ အထက်တန်းကျောင်း မရှိသေးတဲ့နေရာများမှာ တွဲဖက် အ.ထ.က၊ အလယ်တန်းကျောင်း မရှိသေးတဲ့နေရာများမှာ တွဲဖက် အ.လ.ကနဲ့ မူလတန်းလွန်ကျောင်းများကို အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် နှစ်စဉ်နှစ်တိုင်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ လိုအပ်တဲ့ အချက်အလက်များ ကိုက်ညီတဲ့ကျောင်းများကို အဆိုပြုတင်ပြကြတဲ့ ပညာရေးဌာနရဲ့ ဆောင်ရွက်ချက်များကိုလည်း တွေ့မြင်သိရှိနေရပါတယ်။

သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဌာနရဲ့စည်းကမ်း သတ်မှတ်ချက်များနဲ့အညီ လိုအပ်သောအချက်အလက်များ ကိုက်ညီသည့် အဆိုပြုချက်များကို ခွင့်ပြုသတ်မှတ်ဆောင်ရွက်ပေးလျက် ရှိပါသော်လည်း မြို့နယ်များတို့ရဲ့ တစ်ဆင့်မြင့်ကျောင်း ဖွင့်လှစ်ခွင့် အဆိုပြုချက်များမှာ အကြောင်းအမျိုးမျိုးကြောင့် ဌာနရဲ့ စည်းကမ်းသတ်မှတ်ချက်များအနက် အဓိက

အားဖြင့် ကျောင်းသားဦးရေ မပြည့်မီခြင်း စတဲ့အချက်များကြောင့် အဆိုပြုချက် များစွာအနက်မှ တချို့ကိုသာ ခွင့်ပြုပေးနိုင်ခဲ့သည်ကိုလည်း ကြားသိ တွေ့မြင် သိရှိရပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း မြို့နယ်များ၏ ကျေးရွာများမှာ မူလတန်း ကျောင်းသာရှိပြီး၊ မူလွန်ကျောင်း မရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ မူလွန်ကျောင်းရှိပြီး တွဲဖက် အ.လ.က မရှိသဖြင့်လည်းကောင်း၊ တွဲဖက် အ.လ.က ရှိပြီး၊ အ.လ.က ကျောင်းအဖြစ် ဖွင့်လှစ်ခွင့် မရှိသဖြင့်လည်းကောင်း၊ အ.လ.က ကျောင်းအဆင့် အထိ ရှိပြီး တွဲဖက် အ.ထ.က အဆင့်၊ အ.ထ.က အဆင့် ဖွင့်လှစ်ခွင့် မရှိသေးသဖြင့်လည်းကောင်း အရည်အချင်းရှိပါလျက်နဲ့ ပညာသင်ကြားခွင့်ကို လက်လွှတ်ဆုံးရှုံးနေရတဲ့ ကျောင်းနေအရွယ်ကလေးငယ်များ အများအပြားပင် ရှိနေကြပါတယ်။

အဓိကအားဖြင့် မိမိတို့နေထိုင်ရာ ကျေးရွာနဲ့အနီးဆုံးကျောင်း အကွာအဝေးမှာ (၂)မိုင်၊ (၃)မိုင်ထက်ပိုမိုပါက ကလေးငယ်များအတွက် နေ့စဉ်သွားလာရေး ခက်ခဲမှုရှိလာပါတယ်။ ပညာသင်ကြားရန်အတွက် ကျောင်းရှိရာ မြို့၊ ရွာသို့ သွားရောက်နေထိုင်မှသာ ပညာသင်ကြား နိုင်မှာဖြစ်တဲ့အတွက် သာမန်လက်လုပ်လက်စား လူတန်းစားများအတွက် ခက်ခဲတဲ့ကိစ္စတစ်ရပ် ဖြစ်နေပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ပညာသင်ကြားခွင့် ဆုံးရှုံးမှုဖြစ်ပေါ်ရလျက် ရှိပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာနေရပါတယ်လို့လည်း ဆိုနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာဓကတစ်ခုအနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး မြို့နယ်မှာ မြို့ရဲ့မြောက်ဖက်ခြမ်းမှာတည်ရှိတဲ့ ဖန်စစ်အုပ်စု၊ နောင်လုံအုပ်စု၊ ဟိုက်ကွေအုပ်စု စတဲ့ ကျေးရွာအုပ်စုများမှာ မူလတန်းကျောင်း (၁၀)ကျောင်းကျော် ရှိသော်လည်း မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းများ ဖွင့်လှစ်ခွင့်မရှိတဲ့အတွက် လွန်ခဲ့တဲ့ ဆယ်စုနှစ် များစွာကတည်းက ယနေ့အထိ မူလတန်းအဆင့်ထက် ကျော်လွန်သော ပညာသင်ကြားခွင့်ကို ယင်းကျေးရွာအုပ်စု များရှိ ကျေးရွာများမှ ကျောင်းသားအရွယ်ကလေးများ ရရှိခဲ့ခြင်း မရှိခဲ့ပါ။ မူလတန်းအောင်မြင် ပြီးတဲ့အခါ ကျောင်းသားအရွယ်ကလေးငယ်များမှာ အလုပ်ခွင်လည်း မဝင်ရောက်နိုင်သေးဘဲ ကျောင်းပြင်ပမှာ ဘဝကို ကြုံသလိုဖြတ်သန်းရင်း အရွယ်တိုင်လာခဲ့ရပါတယ်။ ဘဝရှေ့ရေး အတွက် ဦးတည်ရာမဲ့၊ မျှော်လင့်ချက်ကင်းမဲ့စွာ ဖြတ်သန်းလာရတဲ့ ကာလများတစ်လျှောက်မှာ

မလိုလားအပ်တဲ့ အကျင့်စရိုက်၊ စိတ်ဓာတ် ပျက်ယွင်းမှုများ၊ အတွေးအခေါ် မှားယွင်းမှုများ ရရှိလာနိုင်ပြီး နိုင်ငံအတွက် လူသားအရင်းအမြစ်များ ဆုံးရှုံးမှု ဖြစ်ပေါ်လာရသည်ကိုလည်း တွေ့ရှိ နေရပါတယ်။

အလုပ်အကိုင် မယ်မယ်ရရမရှိတဲ့အတွက်ကြောင့် မကောင်းသော ဒုစရိုက်လုပ်ငန်းများရဲ့ ဆွဲဆောင်ရာနောက်ကို လွယ်ကူစွာ လိုက်ပါသွားသူ ကလေးငယ်၊ လူငယ်လူရွယ်များ၊ ပညာသင်ကြားခွင့် မရှိလို့ ခေတ်နဲ့လျော်ညီတဲ့ အသိပညာနိမ့်ပါးပြီး မိန်းကလေးငယ်များ အနေဖြင့် စီးပွားရေးသမားများ၏ အခွင့်အရေးပေး မြူဆွယ်မှုကြောင့် လူမှောင်ခိုကူး ရောင်းစား ခံခဲ့ရတဲ့ အဖြစ်အပျက်များကို ထိုဒေသအတွင်း မကြာခဏဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရဖူးပါတယ်။

သာဓက နောက်တစ်ခုအနေဖြင့် ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စုအတွင်း ကျေးရွာသုံးခုမှာလည်း နှစ်စဉ်မူလတန်း အောင်မြင်သူ (၆၀)၊ (၇၀)ခန့်ရှိပါတယ်။ တတ်နိုင်တဲ့ မိဘ(၂)ဦး၊ (၃)ဦးသာ မြို့ကျောင်းကို ဆက်ထားနိုင်တဲ့ အခြေအနေရှိလို့ ကျန်ကျောင်းသား (၆၀)၊ (၇၀) နီးပါးတွေက ပညာရေးလမ်းကြောင်း ပြီးဆုံးသွားပြီး ဦးတည်ရာမဲ့ ဖြစ်ကုန်ကြရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ပြည်မဒေသများရှိ ကျေးရွာများကဲ့သို့ အိမ်ခြေရာချီ မရှိကြသော ပြည်နယ်များရှိ ကျေးရွာများသည် အိမ်ခြေ(၂၀)မှ(၅၀)အတွင်းနဲ့ အိမ်ခြေ(၈၀)မှ (၁၀၀)ကျော် အတွင်းသာရှိတဲ့ ကျေးရွာငယ်ကလေးများအဖြစ် များစွာတည်ရှိပါတယ်။ အဲဒီလို ကျေးရွာငယ်ကလေးများအနေဖြင့် ပညာသင်ကြားနိုင်တဲ့ကျောင်းသားဦးရေမှာ အထိုက်အလျောက် နည်းပါးနေမည်လည်းဖြစ်ပါတယ်။ အကယ်၍ ပညာရေးဌာနရဲ့ သတ်မှတ်ထားတဲ့ ကျောင်းသား ဦးရေ မပြည့်မီလို့ မူလတန်းလွန်ကျောင်းအဖြစ်လည်းကောင်း၊ တွဲဖက် အ.လ.က ကျောင်း၊ အ.လ.က ကျောင်း၊ တွဲဖက် အ.ထ.က ကျောင်းနှင့် အ.ထ.က ကျောင်းများ ဖွင့်လှစ်ခွင့် ပြုပေးခြင်းမရှိပါက နောင်လာမယ့်(၁၀)စုနှစ် များစွာတိုင်အောင် ပညာရည်နို့သောက်စို့ခွင့်ကို ဆက်လက်လက်လွတ် ဆုံးရှုံးရမယ့် နိုင်ငံရဲ့ အနာဂတ်ကြယ်ပွင့်များအတွက် စိတ်မောဖွယ်ရာ ဖြစ်နေရပါတယ်။ အချို့သော ကျေးရွာများမှ ကျောင်းသားမိဘများဟာ မိမိတို့ကလေးငယ်များ ပညာရေးအတွက် နိုင်ငံတော်မှခွင့်ပြုပေးမည့် တစ်ဆင့်မြင့်ကျောင်းများ ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကျေးရွာများမှာ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်များကို ဆောက်လုပ်ရာမှာ နည်းပါးသော

အိမ်ထောင်စုများ ဖြစ်သဖြင့် အိမ်ထောင်စုတစ်ခုလျှင် ကျပ်သိန်းဂဏန်း နီးပါးရှိသော ကုန်ကျစရိတ်များ၊ မိမိတို့ ဝမ်းစာထက်ပိုမိုသော ငွေကြေးများကို သားသမီးများရဲ့ ပညာရေးအတွက် ရက်ရက်ရောရော ထည့်ဝင်ဆောင်ရွက်နေကြသည်မှာ ပညာရေးကို တမ်းတမ်းတတနဲ့ တပ်မက်မောတဲ့ ကျေးရွာများရှိ ပြည်သူများ၏ တိတ်တခိုး မျှော်လင့်ချက်များပင်ဖြစ်သည်ကို တွေ့ရှိရမှာ အမှန်ဖြစ်ပါတယ်။

မြို့နယ်ရဲ့ လိုအပ်ချက်အရ၊ ကျောင်းသားမိဘများရဲ့ တောင်းဆိုချက်များအရ တစ်ဆင့်မြင့်ကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ပြုပေးပါရန် စိတ်အားထက်သန် လိုလားစွာ အဆိုပြုတင်ပြလာကြတဲ့ အဆိုပြုချက်များအား ခွင့်ပြုပေးပါက နိုင်ငံတော်အနေဖြင့်လည်း ကုန်ကျစရိတ်သက်သာစွာနဲ့ ပညာရေးတိုးတက် မြင့်မားမှုကို ဆောင်ရွက်ပေးခြင်းအဖြစ် ဖြစ်တည်လာမည်ဖြစ်ပြီး နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုတဲ့ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ဆောင်ရွက်ပေးနိုင်တဲ့ ဆောင်ရွက်ချက် လည်းဖြစ်မည် ဖြစ်ပါသည်။ တစ်ဆင့်မြင့်ကျောင်းများအဖြစ် တိုးမြှင့်ဖွင့်လှစ် ခွင့်ပြုနိုင်ပါရန် နှစ်စဉ်အဆိုပြု တင်ပြလာချက်များအပေါ် ပညာရေးဌာနရဲ့ စည်းကမ်းချက်များဖြစ်တဲ့ ကျောင်းဝင်းနှင့် အဆောက်အဦ သတ်မှတ်ချက်များ၊ ကျောင်းသားဦးရေ မပြည့်သည့် ကန့်သတ်ချက်များကို လျှော့ပေါ့ပြင်ဆင်ဆောင်ရွက်ပေးပါက နိုင်ငံတော်ရဲ့ ပညာရေး မြှင့်တင်မှုကို ဆောင်ရွက်ပေးရာလည်း ရောက်မည်ဖြစ်ပြီး နိုင်ငံတော်ရဲ့ ပညာရေးဆိုင်ရာ မူဝါဒနှင့်လည်း ပိုမိုကိုက်ညီမှု ရှိလာမှာဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးများအား အခြေခံမူလတန်း၊ အလယ်တန်း သာမကအနည်းဆုံးအခြေခံပညာ အထက်တန်းအထိ ပညာသင်ကြားခွင့်ရရှိရေးအတွက် လွယ်လင့်တကူ ဆောင်ရွက်ပေးနိုင်မည့် အနေအထားလည်း ဖြစ်နေပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈ ပါ နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်၊ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများကပါ ပါဝင်ဆောင်ရွက် နိုင်ရန် လိုအပ်မည့် ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်၊ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရမည်၊ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည် ဆိုပြီးတော့ ပြဋ္ဌာန်းထားတာနှင့်အညီ ထိုပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်

ပေးနိုင်ရန်အတွက် ပညာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကို လျော်ညီအောင် ပြင်ဆင်မွမ်းမံ ဆောင်ရွက်ပေးသင့်ပြီလို့လည်း ယုံကြည်မိပါတယ်။ နိုင်ငံသားများအားလုံး တန်းတူရရှိသင့်တဲ့ အခွင့်အရေး တစ်ရပ်ကို ကျေးလက်နေပြည်သူများရဲ့ ပညာရေးတိုးတက်မြင့်မားရေး အခွင့်အလမ်းအဖြစ် ဖော်ဆောင်ပေးရမယ့် နိုင်ငံတော်၏ တာဝန်ကိုလည်း အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ပေးရာလည်း ရောက်ရှိမှာဖြစ်ပါတယ်။

အဲဒီအပြင် ကျေးလက်နေလုပ်သားပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်မှာပါတဲ့ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းအတွက်လည်း ထိရောက်သော အောင်မြင်မှုကို ဖော်ဆောင်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့အတွက်ကြောင့် ပညာရေးဌာနရဲ့ သတ်မှတ်ချက်၊ စည်းကမ်းချက်များအရ ပြည့်မီခြင်းမရှိပါသော်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ မြို့နယ်များရှိ ကျေးရွာများမှာ အမှန်တကယ်လိုအပ်ချက်နှင့် ကျောင်းသားမိဘပြည်သူများတို့ရဲ့ မျှော်လင့်တောင်းတချက်များအရ အခြေခံပညာကျောင်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြုတင်ပြချက်များ၊ အဆင့်ဆင့် အဆိုပြုတင်ပြချက် ပြုလာမှုများ ရှိလာတဲ့အခါ လက်ကမ်း ကြိုဆိုမှုပြုပြီး အားပေးအားမြှောက်ပြုကာ ကူညီပံ့ပိုးမှုဆောင်ရွက်ပေးသည့်အနေဖြင့် ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းကမ်း စည်းမျဉ်းများအား လျှော့ပေါ့ပြင်ဆင်ပေးရေးအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးစိုင်းမြမောင် ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း ရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံ ပညာကျောင်းများအား အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိရေး အဆိုပြု တင်ပြချက်များနှင့် ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအား လျှော့ပေါ့

ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ကျွန်တော် ဦးစိုင်းမြမောင် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းကျော်ဇောသန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၏ကျေးရွာများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေး အဆိုပြု တင်ပြချက်များနှင့်ပတ်သက်၍ ပညာရေးဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအားလျှော့ပေါ့ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းကျော်ဇောသန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျော်ဇောသန်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁ဝ ။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂ဝ၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် (သောကြာနေ့) နံနက် ၁ဝး၀ဝ နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးကို ၁၁း၁ဝ နာရီအချိန်တွင် ရပ်နားပါသည်။]